Message Two

# အသင်းတော်၌ ကိုယ်တော်၏ဘုန်းတော်အတွက် ခရစ်တော်ကို အသက်ရှင်ရန်၊ ခရစ်တော်ကို ကြီးမားထင်ရှားရန်နှင့် ခရစ်တော်ကို အမြတ်ရယူရန် ကျွန်ုပ်တို့အား ခွန်အားနှင့်ပြည့်စုံစေတော်မူသောအရှင် ဖြစ်သည့် ခရစ်တော်၌ ခပ်သိမ်းသောအမှုတို့ကို လုပ်ဆောင်ရန် လျှို့ဝှက်ချက်ကို သင်ယူခြင်း

ဖတ်ရန်ကျမ်း။ ။ ဖိ၊၁း၁၉-၂၁က။ ၂း၂။ ၃း၁၄။ ၄း၆-၈၊ ၁၁-၁၃

**I. ပေါလုသည် ခွန်အားနှင့်ပြည့်စုံစေတော်မူသောအရှင်ဖြစ်သည့် ခရစ်တော်၌ ခပ်သိမ်းသောအမှုတို့ကို လုပ်ဆောင်ရန် လျှို့ဝှက်ချက်ကို သင်ယူခဲ့သည် - ဖိ၊၄း၁၁ခ-၁၃။**

A. *လျှို့ဝှက်ချက်ကို သင်ယူခြင်း* ဟူသော စကားစုမှာ ပေါလုသည် အသစ်သော အခြေအနေ၊ အသစ်သော ပတ်ဝန်းကျင်သို့ ရောက်ရှိခဲ့ကြောင်း ရည်ညွှန်းသည်။ ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်အသစ်တွင် နေရသောအခါတိုင်းတွင် ထိုပတ်ဝန်းကျင်၌ အသက်ရှင်ခြင်း၏ လျှို့ဝှက်ချက်ကို သင်ယူရန် လိုအပ်သည်။

B. *လျှို့ဝှက်ချက်ကို ငါသင်မိပြီ* ဟူသော တိုက်ရိုက်အနက်မှာ "ငါသည် အစပြုခဲ့ပြီ"ဟူ၍ဖြစ်သည်၊ ဤနေရာ၌ ဥပမာအနေဖြင့်ပြရသော် ပုဂ္ဂိုလ်တစ်ယောက်သည် လျှို့ဝှက်အဖွဲ့အစည်းတစ်ခု၏ အခြေခံအလေ့အလာများ၌ ညွှန်ကြားချက်များနှင့် အစပြုခဲ့ခြင်းဖြင့် ဖော်ပြနိုင်ပါသည်။

C. ပေါလုသည် ခရစ်တော်ထံသို့ ပြောင်းလဲပြီးနောက်တွင် ခရစ်တော်နှင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်အထဲသို့ အစပြုခြင်းခံခဲ့ရသည်။ ထို့နောက် သူသည် ခရစ်တော်အား အသက်အဖြစ် မည်ကဲ့သို့ ရယူရန် (ကော၊၃း၄)၊ ခရစ်တော်ကို မည်ကဲ့သို့ အသက်ရှင်ရန် (ဖိ၊၁း၂၁က)၊ ခရစ်တော်ကို မည်ကဲ့သို့ ကြီးမားထင်ရှားရန် (အငယ်၊၂၀)၊ ခရစ်တော်ကို မည်ကဲ့သို့ အမြတ်ရယူရန် (၃း၈၊ ၁၂)နှင့် အသင်းတော်အသက်တာကို မည်ကဲ့သို့ဖြင့် ရရှိရန် စသည်တို့၏လျှို့ဝှက်ချက်ကို သင်ယူခဲ့သည် (၁း၈၊ ၁၉။ ၂း၁-၄၊ ၁၉-၂၀။ ၄း၁-၃)။

**II. ယုံကြည်သူများသည် လျှို့ဝှက်ချက်ကို သင်ယူနေသည့် တပည့်တော်များ၊ သင်ယူသူများဖြစ်ကြသည်၊ ယင်းမှာ ဧဝံဂေလိစာစောင်လေးစောင်၌ မှတ်တမ်းတင်ထားသော ယေရှု၏အသက်တာ အခြေအနေမှန်၏ စစ်မှန်ခြင်းအားလုံးအထဲသို့ သူတို့အား လမ်းပြပေးရန် စစ်မှန်ခြင်း၏ဝိညာဉ်တော်ကို အခွင့်ပေးခြင်းအားဖြင့် ယေရှု၌ရှိသော စစ်မှန်ခြင်းဖြစ်သည့် ခရစ်တော်ကို သင်ယူရန်ဖြစ်သည်၊ ယင်းမှာ ယေရှုသည် ဘုရားသခင်၌၊ ဘုရားသခင်နှင့်အတူ၊ ဘုရားသခင်အတွက် ခပ်သိမ်းသောအမှုကို လုပ်ဆောင်ခဲ့သော အသက်တာဖြစ်သည်။ ဘုရားသခင်သည် သူ၏အသက်ရှင်ခြင်း၌ ရှိခဲ့ပြီး၊ သူသည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝရှိခဲ့သည် - ယော၊၁၆း၁၃။ ဧ၊၄း၂၀-၂၁။**

A. ခရစ်တော်၏နောက်လိုက်များသည် ဘုရား-လူ တစ်ဦး၏ပုံစံနာမူနာဖြစ်သော မြေကြီးပေါ်တွင် ခရစ်တော်၏လူသားအသက်ရှင်ခြင်းမှတဆင့် တပည့်ဖြစ်စေခြင်းခံရသူများ- ကိုယ်တော်၏လူသားဖြစ်ခြင်း၌ မိမိကိုယ်ကို ငြင်းပယ်ခြင်းအားဖြင့် ဘုရားသခင်ကို အသက်ရှင်ခြင်း (ယော၊၅း၁၉၊၃၀)၊ လူနှင့်ပတ်သက်၍ သူတို့၏ခံယူချက်ကို လုံးလုံးလျားလျား ပြောင်းလဲပစ်ခြင်း (ဖိ၊၃း၁၀။ ၁း၂၁က) ရှိသောသူများ ဖြစ်သည်။

B. ခရစ်တော်သည် သူ၏လူသားဇာတိ၌ မိမိကိုယ်ကို ငြင်းပယ်ခြင်းအားဖြင့် ဘုရားသခင်ကို အသက်ရှင်ခဲ့သောကြောင့်၊ ကိုယ်တော်သည် "ဆင်းရဲဒုက္ခကို ခံသောအားဖြင့် နာခံခြင်းကို သင်ယူတော်မူခဲ့သည်" (ဟေဗြဲ၊၅း၈)၊ "လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် နာခံတော်မူခဲ့သည်" (ဖိ၊၂း၈)။

C. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဇာတိအသက်အားဖြင့်မဟုတ်ဘဲ၊ နာခံခြင်းအသက်တာဖြစ်သော ရှင်ပြန်ထမြောက်ခြင်း၌ရှိသည့် ကိုယ်တော်၏အသက်အားဖြင့် ကိုယ်တော်၏စံနမူနာအတိုင်း ခရစ်တော် (မ၊၁၁း၂၉) ကို သင်ယူကြသည်။ တပည့်တော်တစ်ဦးသည် သူ၏လူသားအသက်တာ၌ ဘုရားဆိုင်ရာအသက်ကို အသက်ရှင်သောသူဖြစ်သည်။

D. "ကျွန်ုပ်သည် ပြန်လည်ရယူခြင်း၌ ညီအစ်ကိုဝေါ်ချ်မဲန်နီး မည်ကဲ့သို့ ပြုမူခဲ့သည်ကို ဆယ့်ရှစ်နှစ်ကြာ လေ့လာစောင့်ကြည့်ခဲ့သည်။ သူ၌ လေ့လာစောင့်ကြည့်ခဲ့သောအရာအားလုံးသည် ကျွန်ုပ်ကို သွန်သင်ဆုံးမပေးသောအရာများဖြစ်လာခဲ့သည်။" (*The Collected Works of Witness Lee, 1994–1997,* vol. 5, "The Vital Groups," p. 76).

E. သခင်ဘုရား၏တပည့်တော်များ၊ ကိုယ်တော်၏သင်ယူသူများအနေဖြင့် ကျွန်ုပ်တို့သည် "ကျွန်ုပ်တို့ ကယ်တင်ရှင်ဘုရားသခင်၏ လူသားအပေါ် ကြင်နာခြင်းနှင့် ချစ်တော်မူသော မေတ္တာ"အဖြစ် ကျွန်ုပ်တို့ထံ ပေါ်ထွန်းတော်မူခဲ့သည့် ဘုရားသခင်၏ ကျေးဇူးတော်အဖြစ် ကိုယ်တော်၏ ထိန်းကျောင်းခြင်းအောက်တွင် အဆက်မပြတ် ရှိနေကြသည်။ ဤကျေးဇူးတော်သည် "ဘုရားမဲ့နေခြင်း၊ လောကီတပ်မက်ခြင်းကို ပယ်ရှားလျက်၊ ယခုဘဝ၌ ဣန္ဒြေစောင့်ခြင်း၊ ဖြောင့်မတ်စွာ ကျင့်ခြင်း၊ ဘုရားဝတ်၌ မွေ့လျော်ခြင်းတို့ကို ပြုနေရမည်အကြောင်း ငါတို့ကို သွန်သင်ပဲ့ပြင်၍၊ မင်္ဂလာရှိသော မျှော်လင့်ရာကိုလည်းကောင်း၊ ကြီးမြတ်သော ဘုရားသခင်နှင့် ကယ်တင်ရှင်တည်းဟူသော သခင်ယေရှုခရစ်၏ဘုန်းအသရေတော် ထင်ရှားပေါ်ထွန်းခြင်းကိုလည်းကောင်း ငါတို့သည် စောင့်နေကြ၏" - တိ၊၃း၄။ ၂း၁၁-၁၃။

F. အသင်းတော်အသက်တာ၌ရှိသော ညီအစ်မများသည် သခင်ဘုရား၏ တပည့်တော်များဖြစ်ကြသောကြောင့် အသက်ကြီးရင့်သော ညီအစ်မများသည် ငယ်ရွယ်သောညီအစ်မတို့အား "သူတို့၏ခင်ပွန်းကို ချစ်သောသူဖြစ်ရန်၊ သူတို့၏သားသမီးကို ချစ်သောသူ ဖြစ်ရန်၊ ဣန္ဒြေစောင့်သောသူ၊ စင်ကြယ်သောသူ၊ မိမိအိမ်ကို ပြုစုသောသူ၊ ကောင်းမွန်သောသူ၊ ခင်ပွန်း၏အုပ်စိုးခြင်းကို ဝန်ခံသောသူဖြစ်စေမည့်အကြောင်း၊ ဘုရားသခင်၏နှုတ်ကပတ်ကို စော်ကားခြင်းနှင့် ကင်းလွတ်စိမ့်သောငှာ" ဘုရားသခင်နှင့်အတူ သွန်သင်ပဲ့ပြင်ပေးသင့်ပါသည် - ၂း၃-၅။

G. သခင်ဘုရား၏တပည့်တော်များအနေဖြင့် ကျွန်ုပ်တို့သည် "ဤအရာသည် အဘယ်အရာဖြစ်သည်ကို သွား၍ သင်ယူပါ"ဟူသော သခင်ဘုရား၏စကားတော်ကို နာခံရန် လိုအပ်သည်။ ဘုရားသခင်သည် သနားဖွယ် အပြစ်သားများကို ကရုဏာပြလိုသည်၊ ထို့ကြောင့် ကိုယ်တော်က ကျွန်ုပ်တို့အား မေတ္တာ၌ အခြားသူများကို ကရုဏာပြစေလိုပါသည်- မ၊၉း၁၂-၁၃။ မိ၊၆း၆-၈။ မာ၊၁၂း၃၃။

## III. ဖိလိပ္ပိ ၄ ၌ရှိသော လျှို့ဝှက်ချက်မှာ ကျွန်ုပ်တို့ကို ခွန်အားနှင့် ပြည့်စုံစေသောအရှင်ဖြစ်သည့် ခရစ်တော်၌ ခပ်သိမ်း သောအမှုတို့ကို လုပ်ဆောင်ရန်ဖြစ်သည် - အငယ်၊၁၃။ ဓမ္မသီချင်း ၅၆၄။

A. ပေါလုသည် ခရစ်တော်၌ရှိသော လူတစ်ဦးဖြစ်ပြီး (၂ကော၊၁၂း၂က)၊ သူသည် အခြားသူများအားဖြင့် ခရစ်တော်၌ မြင်တွေ့ခံရန် အလိုရှိခဲ့သည်။ ဖိလိပ္ပိ ၄း၁၃ ၌ သူသည် သူ့ကို ခွန်အားနှင့် ပြည့်စုံစေတော်မူသော ခရစ်တော်၌ ခပ်သိမ်းသောအမှုတို့ကို တတ်စွမ်းနိုင်၏ဟု ကြွေးကြော်ခဲ့သည်။ ဤသည်မှာ ခရစ်တော်ကို သူ၏တွေ့ကြုံခံစားခြင်းနှင့်ပတ်သက်၍ အရာအားလုံးပါဝင်သော အနှစ်ချုပ်စကားဖြစ်သည်။ ၎င်းမှာ ကိုယ်တော်နှင့်အတူ ကျွန်ုပ်တို့၏ ရှင်သန်သော ဆက်နွယ်မှုနှင့်ပတ်သက်၍ ယောဟန် ၁၅း၅ ၌ရှိသည့် သခင်ဘုရား၏စကားတော် ပြောဆိုချက်ဖြစ်သည် - "ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ"။

B. ပေါလုသည် ဂျူးဘာသာတရား၏ ပည်တရားအောက်၌ လုံးလုံးလျားလျားရှိခဲ့ပြီး၊ အခြားသူများကိုလည်း ပညတ်တရားအထဲသို့ ပို့ဆောင်ပေးခဲ့သူဖြစ်သည်၊ သို့သော် ၎င်းဘာသာတရားမှ ခရစ်တော်ထံသို့ ပြောင်းလဲလာခြင်း၌ သူသည် "ခရစ်တော်၌ရှိသော လူတစ်ဦး" ဖြစ်လာခဲ့သည် - ၂ကော၊၁၂း၂ခ။

C. ယခု သူ့အား စောင့်ကြည့်နေသောသူများအားလုံးက ခရစ်တော်၌ မြင်တွေ့ခံရမည့်အကြောင်း သူမျှော်လင့်ခဲ့သည်၊ ဤသည်မှာ သူ၏ဖြစ်ခြင်းတစ်ခုလုံးကို ခရစ်တော်၌ နှစ်မြုပ်ကာ လုံးလုံးပျော်ဝင်ပြည့်ဝစေရန် ဆန္ဒရှိကြောင်း ညွှန်ပြသည်။ သို့မှသာ သူ့အား စောင့်ကြည့်နေသူအားလုံးက ခရစ်တော်ကို ပြည့်ဝစွာ တွေ့ရှိကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၌ မြင်တွေ့ခံရသည့် အခါမှသာလျှင် ခရစ်တော်သည် ဘုန်းထင်ရှားခြင်း ရှိမည်ဖြစ်သည် - ဖိ၊၃း၉က။ ၁း၂၀။

D. တစ်ဖက်တွင် ခရစ်တော်၏ ခွန်အားပေးသော တန်ခိုးတော်အားဖြင့် ကျွန်ုပ်တို့သည် ကျေနပ်ရောင့်ရဲသောအသက်တာကို အသက်ရှင်နိုင်သည် (၄း၁၁-၁၂)၊ အခြားတစ်ဖက်တွင် ခရစ်တော်၏ ခွန်အားပေးသော တန်ခိုးတော်အားဖြင့် ကျွန်ုပ်တို့သည် မှန်ကန်ခြင်း၊ လျောက်ပတ်ခြင်း၊ ဖြောင့်မတ်ခြင်း၊ စင်ကြယ်ခြင်း၊ နှစ်သက်ဖွယ်ကောင်းခြင်းနှင့် ကောင်းသော ပြောဆိုခံရခြင်းတို့ ရှိနိုင်ကြသည် (အငယ်၊၈)။

E. ခွန်အားနှင့် ပြည့်စုံစေတော်မူသောအရှင်ဖြစ်သည့် ခရစ်တော်၏အကြောင်းနှင့်ပတ်သက်၍ ပေါလု၏စကားသည် ကျွန်ုပ်တို့၏ လူသားကောင်းမြတ်ခြင်းအဖြစ် ကိုယ်တော််ကို အသက်ရှင်ရန်နှင့် ကိုယ်တော်၏ အကန့်အသတ်မရှိသော ကြီးမြတ်ခြင်း၌

ကိုယ်တော်ကို ထင်ရှားရန် ကျွန်ုပ်တို့အား ခရစ်တော်၏ခွန်အားပေးခြင်းကို အထူးသက်ရောက်စေပါသည်။ ဤကောင်းမြတ်ခြင်းများ၌ အသက်ရှင်ခြင်းသည် ခရစ်ယာန်အလုပ်တစ်ခုကို လုပ်ဆောင်ခြင်းထက် ပို၍ ခက်ခဲပါသည်။

**IV. ခွန်အားနှင့်ပြည့်စုံစေတော်မူသောအရှင် ခရစ်တော်၌ ခပ်သိမ်းသောအမှုတို့ကို လုပ်ဆောင်ရန် လက်တွေ့ကျသောနည်းလမ်းကို ဖိလိပ္ပိ ၄း၆-၇ ၌မြင်ရသည်။ "အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ၊ အရာရာ၌ ကျေးဇူးတင်ခြင်းနှင့်တကွ ဆုတောင်းခြင်းနှင့် အသနားခံတောင်းလျှောက်ခြင်းအားဖြင့်၊ သင်တို့တောင်းပန်လိုသောအရာများကို ဘုရားသခင်အား ကြားလျှောက်ကြလော့။ ထိုသို့ပြုလျှင် အဘယ်သူမျှကြံ၍မမီနိုင်သော ဘုရားသခင်၏ငြိမ်သက်ခြင်းသည် ယေရှုခရစ်၌ သင်တို့၏စိတ်နှလုံးနှင့် တွေ့တောခြင်းတို့ကို စောင့်ကြပ်လိမ့်မည်"။**

A. ခရစ်တော်ကိုယ်တိုင်သည် အဘယ်သူမျှကြံ၍ မမီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းဖြစ်သည် - ဟေရှာ၉း၆။ ယော၁၄း၂၇။ လု၇း၅၀။ ရော၃း၁၇။ ၅း၁။ ၈း၆။ ၁၅း၁၃။ ၁၆း၂၀။

B. ဘုရားသခင်အား ဟူသည်မှာ ရှင်သန်သော ပေါင်းစည်းခြင်းနှင့် စုပေါင်းခြင်း၌ရှိခြင်းကို ရည်ညွှန်း၍၊ မိတ်သဟာယဖွဲ့ခြင်းကို ဖော်ပြသည်။ ထို့ကြောင့် ဤနေရာ၌ ဘုရားသခင်အား ဟူသည်မှာ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်း၌ရှိခြင်း ဖြစ်သည် - ဖိ၊၄း၆။

C. ဆုတောင်းခြင်း၌ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းကို လေ့ကျင့်လုပ်ဆောင်ခြင်း၏ရလဒ်မှာ ကျွန်ုပ်တို့က ဘုရားသခင်၏ငြိမ်သက်ခြင်းကို ဝမ်းမြောက်ရခြင်းဖြစ်သည်။ ဘုရားသခင်၏ငြိမ်သက်ခြင်းဟူသည်မှာ အမှန်တကယ်တွင် ငြိမ်သက်ခြင်းဖြစ်တော်မူသော ဘုရားသခင်သည် (အငယ်၊၉) ဆုတောင်းခြင်းဖြင့် ကိုယ်တော်နှင့် ကျွန်ုပ်တို့၏မိတ်သဟာယဖွဲ့ခြင်းအားဖြင့် ကျွန်ုပ်တို့အထဲသို့ မိမိကိုယ်တော်တိုင်ကို ထည့်သွင်းပေးပြီး ဒုက္ခပြဿနာများကို ပြေလည်စေ၍ စိုးရိမ်ခြင်းများကို ပြေပျောက်စေခြင်းဖြစ်သည် (ယော၊၁၆း၃၃)။

D. ငြိမ်သက်ခြင်းအရှင် ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးများကို စောင့်ကြပ်ပေး၍ ခရစ်တော်၌ရှိသော ကြံစည်ခြင်းများဖြင့် ငြိမ်ဝပ်ခြင်းနှင့် တည်ငြိမ်ခြင်းရှိရန် ကျွန်ုပ်တို့ကို စောင့်ထိန်းပေးသည် (ညွှန်း၊ ဟေရှာ၊၃၀း၁၅က)။ ကျွန်ုပ်တို့သည် စိုးရိမ်မှုကင်းသော အသက်တာကိုရရှိလိုသည်ဆိုပါက၊ ကျွန်ုပ်တို့၏ပတ်ဝန်းကျင် အခြေအနေများအားလုံး ကောင်းသည်ဖြစ်စေ သို့မဟုတ် ဆိုးသည်ဖြစ်စေ ခရစ်တော်ကို အမြတ်ရရန်၊ ခရစ်တော်ကို အသက်ရှင်ရန်နှင့် ခရစ်တော်ကို ထင်ရှားရန်ဖြစ်သည့် ကျွန်ုပ်တို့၏ ပန်းတိုင် ပြီးပြည့်စုံခြင်း၌ အစေခံရန်အလို့ငှာ ဘုရားသခင်အားဖြင့် ပြင်ဆင်ထားကြောင်း သိနားလည်ရန် လိုအပ်ပါသည် (ရော၊၈း၂၈-၃၀။ မ၊၁၀း၂၉-၃၁။၂ကော၊၄း၁၅-၁၈)။

**V.** ခွန်အားနှင့်ပြည့်စုံစေတော်မူသောအရှင်ဖြစ်သည့် ခရစ်တော်၌ ခပ်သိမ်းသောအမှုတို့ကို လုပ်ဆောင်ခြင်း၏ လျှို့ဝှက် ချက်ကို သင်ယူခြင်းသည် ကျွန်ုပ်တို့၏ရှင်ဘုရင်၊ ကျွန်ုပ်တို့၏သခင်ဘုရား၊ ကျွန်ုပ်တို့၏ဦးခေါင်းတော်နှင့် ကျွန်ုပ်တို့၏ ခင်ပွန်းဖြစ်တော်မူသော "ယေရှုနှင့်အတူ မိတ်သဟာယဖွဲ့ ဆုတောင်း"ရန် ဖြစ်သည် (ဓမ္မသီချင်း၊၇၈၄)။ ဘုရားသခင်နှင့် ဆက်သွယ်သော ဆုတောင်းခြင်းတွင် စိတ်နှလုံးမှ စစ်မှန်သောစကားများပါဝင်သည်။

A. ကျွန်ုပ်တို့သည် ဝမ်းနည်းခြင်း၊ စိတ်ဓာတ်ကျခြင်းနှင့် စိတ်ပျက်ခြင်း၏အခြေအနေတွင် ရှိနေနိုင်သည်။ ကျွန်ုပ်တို့၏ပြဿနာများကို သခင်ဘုရားထံသို့ ယူဆောင်လာပြီး၊ ထိုအကြောင်းအရာများကို ကိုယ်တော််အား ပြောဆိုနိုင်ပါသည်။ ကိုယ်တော်သည် အကောင်းဆုံး နားထောင်သူဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ခံစားမှုကို သိတော်မူပြီး ကျွန်ုပ်တို့၏စိတ်နှလုံးကို စာနာထောက်ထားတော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို နှစ်သိမ့်ပေးနိုင်ပြီး ကူညီပေးနိုင်သည်။

B. ကျွန်ုပ်တို့သည် သခင်ဘုရားနှင့် အကုန်အစင် ပြောဆိုခြင်းနှင့် ကျွန်ုပ်တို့၏စိတ်နှလုံးကို ကိုယ်တော််ထံသို့ သွန်းလောင်းခြင်းရှိသောအခါတွင် သခင်ဘုရားနှင့် ကျွန်ုပ်တို့၏ရင်းနှီးကျွမ်းဝင်မှုမှာ နောက်ထပ် ခြေတစ်လှမ်းဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကို အနည်းငယ် ပို၍ သိလာကြသည်။ ဤအချိန်တွင် ကိုယ်တော်နှင့် ရင်းနှီးကျွမ်းဝင်သော အဆက်အသွယ်ရှိခြင်းသည် ကိုယ်တော်နှင့် ကျွန်ုပ်တို့၏ပုံမှန် မိတ်သဟာဖွဲ့ခြင်းရှိခြင်းထက် အဆပေါင်းရာချီ၍ သာလွန်ပါသည်။ ဤအဆက်အသွယ်များဖြင့် ကျွန်ုပ်တို့သည် အသက်၌ ကြီးထွားလာခြင်းဖြစ်သည် - ဆာ၊၆၂း၆-၈။ ၅၆း၈။ ညွှန်း၊ ၁ရာမွေ၊၁း၁၅။

C. လူတစ်ဦးသည် သခင်ဘုရားရှေ့တော်၌ ဘယ်သောအခါမှ မျက်ရည်မကျခဲ့ဖူးလျှင်၊ သူ၏ဝမ်းမြောက်မှု သို့မဟုတ် ဝမ်းနည်းမှုများကို တစ်ခါမျှ မဝေမျှခဲ့ဖူးလျှင်၊ သူ၏ကိုယ်ရေးကိုယ်တာကိစ္စများကို သခင်ဘုရားနှင့် တစ်ခါမျှ မပြောဆိုခဲ့ဖူးလျှင်

သူသည် ကိုယ်တော်နှင့် ရင်းနှီးကျွမ်းဝင်သော မိတ်သဟာယ တစ်ခါမျှ မရှိခြင်းဖြစ်ပြီး၊ သူသည် သခင်ဘုရားနှင့် နက်ရှိုင်းသော အကျွမ်းဝင်မှု တစ်ခါမျှ မရှိခဲ့ခြင်းဖြစ်သည်။ လူသည် ကိုယ်တော့်ထံ အရာအားလုံးကို ပြောပြခြင်းဖြင့်သာလျှင် သခင်ဘုရား ထံသို့ နီးကပ်စွာ တိုးဝင်ချဉ်းကပ်နိုင်ပါသည်။

D. ကိုယ်တော်သည် ကျွန်ုပ်တို့၏ပြဿနာများတိုင်းအတွက် စာနာထောက်ထားတော်မူသည်။ ကျွန်ုပ်တို့၏သခင်ဘုရားသည် ကျွန်ုပ် တို့၏စိုးရိမ်မှုများအလုံးစုံကို တာဝန်ယူလိုပါသည်၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ပြောဆိုခြင်းကို နားထောင်ရန် ပျော်ရွှင်ခြင်း ရှိပါသည်။ အသက်ရေအဖြစ် ကိုယ်တော့်ကို မွေ့လျော်ဝမ်းမြောက်ရန်အလို့ငှာ ကျွန်ုပ်တို့၏ဝိညာဉ်ရေးဆိုင်ရာ ကျောက်ဖြစ် သော ကိုယ်တော်အား စကားပြောရန် လိုအပ်ပါသည် - စာရင်း၊၂၀း၈။ ၁ကော၊၁၀း၄။ ထွ၊၁၇း၆။ ဓမ္မသီချင်း ၂၄၈။

E. ဆာလံ ၁၀၂ ၏ ခေါင်းစဉ်က "နှိပ်စက်ခံရသောသူသည် ညှိုးငယ်သောစိတ်နှင့် ယေဟောဝါရှေ့တော်၌ ညည်းတွားမြည်တမ်း သောအခါ ဆုတောင်းခြင်း"အကြောင်း ပြောဆိုထားသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံ ညည်းတွားမြည်တမ်းနိုင်ပါသည်၊ သို့သော် ကျွန်ုပ်တို့၏ ညည်းတွားမြည်တမ်းခြင်းသည် အကောင်းဆုံးသော ဆုတောင်းခြင်း၊ ဘုရားသခင်ထံ နှစ်လိုဖွယ် အကောင်းဆုံးသော ဆုတောင်းခြင်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့သည် ညည်းတွားမြည်တမ်းနေစဉ် ဘုရားသခင် သည် ဝမ်းမြောက်ရွှင်လန်းနေပါသည်၊ အကြောင်းမှာ ကျွန်ုပ်တို့သည် သားတော်၏ပုံသဏ္ဌာန်တော်သို့ သဏ္ဌာန်တူလာနိုင်စေ ရန် ကိုယ်တော်သည် ကောင်းကျိုးအဖို့ ခပ်သိမ်းသောအရာတို့ကို အတူတကွ လုပ်ဆောင်စေတော်မူ၏- ရော၊၈း၂၈-၂၉။

F. ဆာလံ ၇၃ သည် မိမိခံရသော ဆင်းရဲဒုက္ခအားဖြင့်လည်းကောင်း၊ ဆိုးယုတ်သော စည်းစိမ်အားဖြင့်လည်းကောင်း၊ ထိမိ၍လဲ လုနီးပါးဖြစ်သော ရှာဖွေသော ဆာလံရေးစပ်သူ၏ ရိုးသားသောဆုတောင်းခြင်းကို မှတ်တမ်းတင်ထားသည်။ သူသည် မိမိ ၏စိတ်နှလုံးကို အချည်းနှီးဖြူစင်စေမိပြီဟု မှတ်ယူခဲ့သည်၊ အကြောင်းမှာ သူသည် ရုပ်ပိုင်းဆိုင်ရာစည်းစိမ်ကို မွေ့လျော်ရမည့် အစား၊ တစ်နေ့လုံး ဒုက္ခဆင်းရဲခံရကာ၊ နံနက်တိုင်း ညှဉ်းဆဲခံခဲ့ရခြင်းသောကြောင့် ဖြစ်သည်။

1. ဆိုးယုတ်သောသူ၏စည်းစိမ်နှင့်စပ်လျဉ်း၍ ဆာလံရေးစပ်သူ၏ တွေဝေမှုကို ဖြေရှင်းချက်မှာ ဘုရားသခင်၏သန့်ရှင်းရာ ဌာနတော်၌ ရရှိခဲ့သည် (အငယ်၊၁၇)၊ ရှေ့ဦးစွာ ဘုရားသခင်၏သန့်ရှင်းရာဌာနတော်၊ ကိုယ်တော်၏ကိန်းဝပ်ရာနေရာမှာ ကျွန်ုပ်တို့၏ဝိညာဉ်၌ဖြစ်၍ (ဧ၂း၂၂)၊ ဒုတိယ၊ ယင်းမှာ အသင်းတော်ဖြစ်သည် (၁တိ၊၃း၁၅)။ ဘုရားသခင်၏သန့်ရှင်း ရာဌာနတော်အထဲသို့ သွားရောက်ခြင်းသည် ကျွန်ုပ်တို့၏ဝိညာဉ်သို့ လှည့်ပြန်ကာ အသင်းတော် အစည်းအဝေးများနှင့် အမှုတော်၏အစည်းအဝေးများသို့ သွားရန်ဖြစ်သည်။ ကျွန်ုပ်တို့၏ဝိညာဉ်၌၊ အသင်းတော်၌ ကျွန်ုပ်တို့သည် ဘုရားဆိုင် ရာ ဖွင့်ပြခြင်းကို ရရှိကာ၊ ကျွန်ုပ်တို့၏ပြဿနာအားလုံး၏ဖြေရှင်းချက်ကို ရရှိကြသည်။
2. သခင်ဘုရားနှင့်အတူ ရိုးသားစွာ စကားပြောဆိုခြင်းနှင့် ဘုရားသခင်၏ သန့်ရှင်းရာဌာနအထဲသို့ ဝင်ရောက်သွားခြင်းမှ တစ်ဆင့်၊ နောက်ဆုံးတွင် သခင်ဘုရား၏ ရှာဖွေသူသည် ကိုယ်တော်အား "ကိုယ်တော်မှတစ်ပါး၊ ကောင်းကင်မှာ အကျွန်ုပ် ၌ အဘယ်သူရှိပါသနည်း။ ကိုယ်တော်မှလွဲ၍ မြေကြီးပေါ်မှာ အကျွန်ုပ်အလိုရှိသောအရာ အခြားမရှိပါ။ အကျွန်ုပ်၏ အသားနှင့် စိတ်နှလုံးသည် ပျက်ကြပါ၏။ သို့သော်လည်း၊ ဘုရားသခင်သည် အကျွန်ုပ်စိတ်နှလုံး၏ကျောက်၊ အကျွန်ုပ်၏ ဝေစု အစဉ်အမြဲ ဖြစ်တော်မူ၏"ဟု ပြောဆိုနိုင်သည်အထိ သခင်ဘုရားအားဖြင့် အလင်းထွန်းလင်းခြင်းခံရသည် - ဆာ၊၇၃း၂၅-၂၆။
3. ကိုယ်တော်၏ရှာဖွေသူများအတွက် ဘုရားသခင်၏ရည်ရွယ်ချက်မှာ သူတို့သည် ခရစ်တော်၌ အရာအားလုံးကို တွေ့ရှိနိုင် ပြီး၊ ခရစ်တော်ကို လုံးလုံးမွေ့လျော်ဝမ်းမြောက်ခြင်းမှ နှောင့်ယှက်ခြင်းမခံရရန် ဖြစ်သည်။ ကိုယ်တော်၏စီမံကိန်း၌ ဘုရား သခင်၏အဆုံးစွန်သော အလိုဆန္ဒမှာ ကျွန်ုပ်တို့သည် အသင်းတော်၌ ကိုယ်တော်၏ဘုန်းတော်အတွက် ခရစ်တော်ကို အသက်ရှင်ရန်၊ ခရစ်တော်ကို ကြီးမားထင်ရှားရန်နှင့် ခရစ်တော်ကို အမြတ်ရရှိရန်ဖြစ်သည် - ဖိ၊၁း၁၉-၂၁က။ ၃း၇-၈။ ဟေရှာ၊၄၃း၇။ ၁ကော၊၁၀း၃၁။ ၆း၂၀။ ၁ပေ၊၄း၁၁။ ဧ၊၃း၁၆-၂၁။

© 2023 Living Stream Ministry